FPB
First Private Bank

# (၁၂)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၂)ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပမည့်ရက် အသိပေးကြေညာခြင်း

နေ့စွဲ။ ။၂၀၂၃ခုနှစ် ၊ အောက်တိုဘာလ ( ၉ )ရက်

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၁၂)ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၂)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး**ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှင်များကို ကြိုတင်အသိပေးအပ်ပါသည်။

**ကျင်းပမည့်ရက်** - **၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ( ၁၇ )ရက် (တနင်္ဂနွေနေ့)**

**ကျင်းပမည့်အချိန်** - **နံနက်(၉:၀၀)နာရီ**

**ကျင်းပမည့်နေရာ** - **ရန်ကုန်စတော့ခ်အိတ်ချိန်း (YSX)**

**ကျင်းပမည့်ပုံစံ** - **Virtual meeting (Online)**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ **(၁၂ )ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၂)ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းအဝေး**သို့ တက်ရောက်နိုင်ရန် အတွက် **အစုရှယ်ယာများ နောက်ဆုံးဝယ်ယူရမည့်နေ့ (Last Day to Trade)မှာ ( ၂၅.၁၀.၂၀၂၃ )ရက်ဖြစ်ပြီး၊ ရန်ကုန်စတော့အိပ်ချိန်း (YSX)မှ Record Date (၃၁.၁၀.၂၀၂၃) ရက်စွဲဖြင့် ပေးပို့သည့် အစုရှယ်ယာရှင်များ စာရင်းကို အတည်ပြုသတ်မှတ်မည်ဖြစ်ပါသည်။ (၂၆.၁၀.၂၀၂၃) ရက်(Exdate) မှ စတင်ဝယ်ယူမည့် အစုရှယ်ယာရှင်များသည် ကျင်းပမည့်အစည်းအဝေးသို့ တက်ရောက်ခွင့် မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။**

အစုရှင်များမှ အစည်းအဝေးသို့ ကိုယ်တိုင်မတက်ရောက်နိုင်ပါက အခြားအစုရှင်တစ်ဦးဦးကို ကိုယ်စား ဆန္ဒမဲ ပေးနိုင်ရန်နှင့် လိုအပ်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် **ကိုယ်စားလှယ် (Proxy)**လွှဲအပ်ပေးရန် ဖြစ်ပါသည်။ ကိုယ်စားလှယ်လွှဲအပ်သည့် ပုံစံကို နီးစပ်ရာဘဏ်ခွဲမန်နေဂျာများထံတွင် လည်းကောင်း ၊ **ရန်ကုန်စတော့အိပ်ချိန်း၏ Website “ [https://ysx-mm.com](https://ysx-mm.com) နှင့် ပထမပုဂ္ဂလိကဘဏ် Website [www.firstprivatebank.com.mm](www.firstprivatebank.com.mm)”** တို့တွင် ရယူရန်ဖြစ်ပါသည်။

နှစ်ပတ်လည်အထွေထွေအစည်းအဝေး ထမြောက်အောင်မြင်ကျင်းပနိုင်ရန် တက်ရောက်သူ အစုအရေအတွက်သည် အစုရှယ်ယာရှင်အားလုံး၏ (၃၀%)(Quorum) ပြည့်မှီရန်လိုအပ်ပါသဖြင့် ကိုယ်တိုင် Virtual System(Online)ဖြင့် တက်ရောက်ပါရန် နှင့် ကိုယ်တိုင် မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်စာ(Proxy) မဖြစ်မနေ လွှဲအပ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

(ကိုယ်တိုင် Virtual System(Online) ဖြင့် တက်ရောက်လိုသူများအတွက် အသေးစိတ်အစီအစဉ်အား ထပ်မံ ကြေညာပါမည်)

**ညွှန်ကြားချက်အရ**

**အတွင်းရေးမှူး**
**ဒါရိုက်တာအဖွဲ့**

(၁၂) ကြိမ်မြောက် အထူးအစည်းအဝေးတွင်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)နှင့်အညီ ရေးဆွဲထားသော
ပထမပုဂ္ဂလိကဘဏ်လီမိတက်၏
ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(မူကြမ်း)အား အတည်ပြုချက်ရယူရန်။

FPB
First Private Bank

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၁၂) ကြိမ်မြောက် အထူးအစည်းအဝေးနှင့်

## (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## “ဖိတ်ကြားလွှာ”

ပထမပုဂ္ဂလိကဘဏ်၏ (၁၂) ကြိမ်မြောက် အထူးအစည်းအဝေးနှင့် (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | - | Virtual Meeting (Online) |
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ(၁၇)ရက်၊ တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | - | နံနက် (၉:၀၀)နာရီ |

# အစည်းအဝေးအစီအစဉ်

**ပထမပိုင်း**

**(၁၂) ကြိမ်မြောက်အထူးအစည်းအဝေး**

၁။ အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးအထမြောက်ကြောင်းကြေညာခြင်း။

၂။ အစည်းအဝေးအစီအစဉ်များကို ဖတ်ကြားတင်ပြခြင်း။

၃။ သဘာပတိကြီးမှ အဖွင့်အမှာစကားပြောကြားခြင်း။

၄။ အထူးအစည်းအဝေးဆုံးဖြတ်ချက်ကို ရှင်းလင်းတင်ပြအတည်ပြုချက်ရယူခြင်း။

**ဒုတိယပိုင်း**

**(၃၂) ကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေး**

၅။ သင်းဖွဲ့စည်းမျဉ်းအပိုဒ်(၈၅)အရ ဒါရိုက်တာများ ရွေးချယ်ခြင်း။

၆။ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းများကို ဖတ်ကြားတင်ပြ အတည်ပြုခြင်း။

၇။ ပြင်ပစာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားအတည်ပြုခြင်း။

၈။ မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ပြင်ပစာရင်းစစ်ခန့်ထားခြင်း။

၉။ ဒါရိုက်တာအဖွဲ့ဝင်အသစ်အမည်စာရင်းများကို ကြေညာခြင်း။

၁၀။ သဘာပတိမှ နိဂုံးချုပ်အမှာစကားပြောကြားခြင်း။

၁၁။ အစည်းအဝေးပြီးဆုံးကြောင်းကြေညာခြင်း။

**မှတ်ချက်** (၁) အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်(၃၁-၁၀-၂၀၂၃)နေ့ရှိ ရန်ကုန်စတော့အိပ်ချိန်းမှ ပေးပို့သော အစုရှင်စာရင်းတွင် အစုရှယ်ယာပိုင်ဆိုင်ထားသူအစုရှင်များသာ အစည်းအဝေးတက်ရောက်နိုင်ပါသည်။

(၂) ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာပါအချက်များကိုမေးမြန်းရန်ရှိပါက (၁၀-၁၂-၂၀၂၃) နေ့ထက်နောက်မကျဘဲ အမှုဆောင်အရာရှိချုပ်ထံလိပ်မူတပ်၍ ပေးပို့ပါရန်။

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

**ကိုယ်စားမဲပေးရန် ခန့်အပ်လွှာ**

ပထမပုဂ္ဂလိကဘဏ်လီမိတက်၏ အစုရှင် ကျွန်ုပ် ဦး/ဒေါ်..........................သည် ကျွန်ုပ်ကိုယ်စားဦး/ဒေါ်.......................................နိုင်ငံသားစိစစ်ရေးကတ်အမှတ် ......................................... အား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နှင့် အခြားရွှေ့ဆိုင်းသည့် မည်သည့်အစည်းအဝေးများတွင်မဆို တက်ရောက်ရန်နှင့် ဆန္ဒမဲပေးရန် ခန့်အပ်ပါသည်။

**မှတ်ချက်** - ကိုယ်စားမဲပေးရန်ခန့်အပ်လွှာကို (၁၃-၁၂-၂၀၂၃)ရက်ထက်နောက်မကျဘဲ ပထမပုဂ္ဂလိကဘဏ်ရုံးချုပ်(သို့မဟုတ်)နီးစပ်ရာ ဘဏ်ခွဲများသို့ပေးပို့ရမည်။

- အစည်းအဝေးအထမြောက်စေရန်အတွက် အစည်းအဝေးမတက်ရောက်နိုင်ပါက မပျက်မကွက် ကိုယ်စားလှယ်လွှဲပေးပါရန် အသိပေးအပ်ပါသည်။

လက်မှတ် ..................................................

အမည် ..................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ................................

လိပ်စာ ..........................................................

Special Code (သို့) Security No. ................................

ပိုင်ဆိုင်သည့်အစုအရေအတွက် (                )

နေ့စွဲ ၂၀၂၃ ခုနှစ်၊ လ၊ ရက်။

**မှတ်ချက်** ကိုယ်စားလှယ်လွှဲစာ တရားဝင်စေရန်အတွက် အခွန်တံဆိပ်ခေါင်း ၅၀/-(ငါးဆယ်ကျပ်)ကပ်ရပါမည်။